**(၂၀၂၄) အမေရိကန်သမ္မတရွေးကောက်ပွဲ နှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒအပြောင်းအလဲ သင်သည် အမေရိကန်နိုင်ငံသားမဟုတ်ဘူး၊ အမြဲတမ်းနေထိုင်ခွင့်ကတ်မရှိဘူးဆိုလျှင် ဘာတွေ သိထားသင့်သလဲ။**

*IRC အဖွဲ့အစည်းသည် မိမိ၏ရပိုင်ခွင့်များနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်တာတွင် ပိုမိုနားလည်ရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများကို စုဆောင်းပေးထားပါတယ်။ သို့ရာတွင် ယခုအချက်အလက်များသည် တရားဝင်အသိမှတ်ပြုရှေ့နေ (သို့မဟုတ်) ကိုယ်စားလှယ်ထံမှ ဥပဒေအကြံဉာဏ်များ ရယူခြင်းအတွက် အစားထိုးမဟုတ်ပါ။*

(၂၀၂၄) အမေရိကန်သမ္မတရွေးကောက်ပွဲသည် အမေရိကန်ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့် ပတ်သက်ပြီး အလေးပေးထားပါသည်။ (၂၀၂၄) အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသူအဖြစ် ကြေငြာခံထားရသော သမ္မတဟောင်း ဒေါ်နယ်ထရန့် သည် လူဝင်မှုကြီးကြပ်ရေးမူဝါဒများကို တင်းကျပ်ပြီး ပြည်နှင်ဒဏ်များကို တိုးမြှင့်မည်ဟု ကြေငြာထားသည်။

လူတဦးချင်းစီ၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေများသည် တမူထူးခြားပါသည်။ မိမိရရှိနိုင်သည့် အခွင့်အရေးများကို လူဝင်မှုကြီးကြပ်ရေးရှေ့နေ (သို့မဟုတ်) တရားရေးဌာနမှ အသိအမှတ်ပြုထားသော တရားဝင်ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးပါ။

မိမိ၏လူဝင်မှုကြီးကြပ်ရေးအခြေအနေကို အမေရိကန်သမ္မတအသစ်က မည်သို့ပြောင်းလဲနိုင်သည်ကို သင့်အနေဖြင့် သေချာသိချင်ပါသလား။ အောက်ပါအကြံပြုချက်အချို့ကို ဖတ်ရှုနိုင်ပါသည်။-

1. သမ္မတသစ်သည် (၂၀၂၅) ဇန်နဝါရီလ (၂၀)ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးသည်အထိ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အပြောင်းအလဲတစ်စုံတစ်ရာ မလုပ်နိုင်ပါ။
2. အချို့သော လူဝင်မှုကြီးကြပ်ရေးအခြေအနေများသည် ယာယီသာ ဖြစ်သည်။ ၎င်းတို့မှာ-
   (က) ယာယီကာကွယ်မှုအခြေအနေ (Temporary Protected Status (TPS))
   (ခ) ကလေးဘဝတည်းကရောက်ရှိမှုအတွက် ရွှေ့ဆိုင်းထားသော လုပ်ဆောင်ချက် (Deferred Action for Childhood Arrivals (DACA))
   (ဂ) အတင်းအဓမ္မထွက်ခွာခိုင်းခြင်းကို ရွှေ့ဆိုင်းထားခြင်း (Deferred Enforced Departure (DED))
   (ဃ) ပြစ်ဒဏ်ချခြင်း- တခါတရံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီရင်ချက်ချခြင်း သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး ပြစ်ဒဏ်ချခြင်းဟု ခေါ်သည်။-(Parole)

အမေရိကန်သမ္မတသစ်တစ်ဦးသည် အထက်ပါယာယီပုံစံများကို ရပ်ဆိုင်းပစ်ရန် အခွင့်အာဏာရှိသည်။ထိုသို့ ရပ်ဆိုင်းပစ်ရန် လအနည်းငယ် ဒါမဟုတ် ထပ်ပြီးကြာနိုင်ပါသည်။ ဒါမဟုတ်လည်း အမေရိကန်သမ္မတသည် လူအများကို ချက်ချင်းအကျိုးသက်ရောက်စေမည့်အပြောင်းအလဲများကို ချက်ချင်းလက်ငင်းပြောင်းလဲပစ်နိုင်သည်။ လူဝင်မှုကြီးကြပ်ရေးမူဝါဒများသည် မည်သည့်အချိန်တွင် မည်ကဲ့သို့ ပြောင်းလဲမည်ကို မည်သူမှ အတိအကျ မခန့်မှန်းနိုင်ပါ။

3. မိမိတွင် အမြဲတမ်းနေထိုင်ခွင့်ကဒ် (Green Card) ရှိပြီးပြီလား၊ ဒါမှမဟုတ် အမေရိကန်နိုင်ငံသား ဖြစ်ပြီးပြီလား။ မဟုတ်ပါက လူဝင်မှုကြီးကြပ်ရေးရှေ့နေ (သို့မဟုတ်) တရားရေးအသိအမှတ်ပြု ဌာနကိုယ်စားလှယ်များနှင့် အမြဲတမ်းနေထိုင်ခွင့်အခွင့်အရေးများရရှိရန် တိုင်ပင်ဆွေးနွေးပါ။ လူဝင်မှုကြီးကြပ်ရေးရှေ့နေ (သို့မဟုတ်) အသိအမှတ်ပြုကိုယ်စားလှယ်သည် သင့်အနေဖြင့် အမြဲတမ်း နေထိုင်ခွင့်လျှောက်ရန်အတွက် လိုအပ်ချက်များပြည့်မီခြင်းရှိမရှိကို အကဲဖြတ်ပါလိမ့်မည်။ အကယ်၍ သင်သည် အမြဲတမ်း နေထိုင်ခွင့်လျှောက်ရန်အတွက် အရည်အချင်းပြည့်မီပါက  အမေရိကန်၏ သမ္မတ မည်သူဖြစ်ပါစေ ထိုအခွင့်အရေးကို လျှောက်ရန် အမြဲတမ်းအကြံပြုလိုပါသည်။

4. လူဝင်မှုကြီးကြပ်ရေးရှေ့နေများ နှင့် အသိအမှတ်ပြုကိုယ်စားလှယ်များကသာ သင့်အား ဥပဒေအကြံဉာဏ်များပေးနိုင်ကြောင်း သတိထားပါ။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေအကြံဉာဏ်ကို ပေးဆောင်ရန် တရားဝင်လုပ်ပိုင်ခွင့်မရှိသော (သို့မဟုတ်) အရည်အချင်းပြည့်မီခြင်းမရှိသော နိုတြီ (Notary) ဝန်ဆောင်မှုပေးသူများကို သတိထားပါ။ သင့်အချိန်နှင့်ငွေ ကုန်ရုံသာမက သင်နှင့်သင့်အမှုကိစ္စကိုပါ အန္တရာယ်ဖြစ်စေနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှု အလိမ်များကို ရှောင်ပါ။

သင့်အား ကူညီဆောင်ရွက်ပေးနေသော လူဝင်မှုကြီးကြပ်ရေး ရှေ့နေ (သို့မဟုတ်) အသိအမှတ်ပြုကိုယ်စားလှယ်၏ အရည်အချင်းများကို တောင်းကြည့်ပါ။

5. သင့်အမှုကိစ္စအတွက် တစ်စုံတစ်ဦးကို မငှားရမ်းမီ ထိုသူတို့၏ အရည်အချင်းများကို မေးမြန်းပါ။ ရှေ့နေ (သို့မဟုတ်) အသိအမှတ်ပြုခံကိုယ်စားလှယ်ဖြစ်ပါသလား။ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် ပတ်သက်ပြီး အတွေ့အကြုံ ဘယ်လောက်ရှိလဲ။
လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှု လိမ်လည်မှုနှင့်ပတ်သက်ပြီး ထပ်မံသိရှိနိုင်ရန်အတွက် ဤလင့်ခ်ကိုနှိပ်ပါ။ ကုန်ကျစရိတ်သက်သာသော (သို့မဟုတ်) အခမဲ့ကူညီပေးနိုင်သည့် တရားဝင်ခွင့်ပြုချက်ရှိသော ဥပဒေဝန်ဆောင်မှုပေးသူများကို ရှာဖွေရန် ဤလမ်းညွှန်ကို ကိုးကားပါ။

6. အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သူအားလုံးသည် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အချို့သောအခြေခံအခွင့်အရေးများကို ရရှိနိုင်ပါသည်။ ယာယီနေထိုင်ခွင့်ရရှိထားသူများလည်း

ဤအခွင့်အရေးများကို ရရှိနိုင်ပါသည်။ မိမိအခွင့်အရေးများကို သိရှိပါ။ ရဲများ (သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးအရာရှိများ၊ အကောက်ခွန် ထိန်းသိမ်းရေးအရာရှိများနှင့် ပြောဆိုဆက်ဆံရာတွင် သင့်အခွင့်အရေးများကို သိရှိပြီး ကျင့်သုံးရန် မကြောက်ပါနှင့်။

7. သင့်အား ရဲ (သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးက တားဆီးခြင်းပြီး စစ်ဆေးမေးမြန်းခြင်းခံရပါက သင့်တွင် အောက်ပါအခွင့်အရေးများရှိကြောင်း သတိရပါ။
(က) သင့်အနေဖြင့် သူတို့နဲ့ စကားပြောဖို့ ငြင်းနိုင်ပါတယ်။ သင့်ကို ဘယ်နိုင်ငံမှာ မွေးတာလဲ၊ အမေရိကန်ပြည်ထောင်စုထဲ ဘယ်လိုဝင်ခဲ့တယ်ဆိုတာ ပြောပြစရာမလိုပါဘူး။
(ခ) အကယ်၍ သင်သည် အမေရိကန် နိုင်ငံသား မဟုတ်ပါက လူဝင်မှု ကြီးကြပ်ရေး အရာရှိက သင့်စာရွက်စာတမ်းများကို တောင်းဆိုလာပါက ပြသရပါမည်။ အကယ်၍ သင်သည် အသက် (၁၈) နှစ်ကျော်ပါက မိမိ၏လူဝင်မှုကြီးကြပ်ရေးစာရွက်စာတမ်းများကို အမြဲတမ်းတပါတည်းဆောင်ထားပါ။ လူဝင်မှုကြီးကြပ်ရေးစာရွက်စာတမ်းတွေ မပါလာခဲ့ပါက မိမိအနေဖြင့် နှုတ်ဆိတ်နေချင်တယ်လို့ ပြောပါ။
(ဂ) သင့်အနေဖြင့် ရှေ့နေနှင့် စကားပြောပိုင်ခွင့်ရှိသည်။
(ဃ) သင့်အနေဖြင့် စာရွက်စာတမ်းတစ်ခုခုကို လက်မှတ်မထိုးခင် ရှေ့နေနဲ့ ဆွေးနွေးပါ။
(င) သင့်သိသင့်သည့်အခွင့်အရေးကတ်ကို ကိုင်ဆောင်ထားပြီး လူဝင်မှုကြီးကြပ်ရေးအရာရှိက မေးမြန်းလာပါက ပြပါ။

## အချက်အလက်များ ထပ်မံသိရှိရန်၊ အကူအညီရယူရန် လိုအပ်ပါသလား။

သင့်နေထိုင်ရာမြို့တွင် အခမဲ့ (သို့မဟုတ်) ကုန်ကျစရိတ်နည်းသော ဥပဒေရေးရာအကူအညီကို ရှာဖွေရန် အောက်ပါလင့်ခ်များကို အသုံးပြုပါ။

**လူဝင်မှုကြီးကြပ်ရေး ရှေ့နေများကွန်ရက်** *(အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းသော ဥပဒေရေးရာအကူအညီကို ရှာဖွေရာတွင် အကူအညီအတွက် ဥပဒေလမ်းညွှန်)*

**ImportaMí** *(မိဘ(သို့မဟုတ်)တရားဝင်အုပ်ထိန်းသူမပါဘဲ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာသော လူငယ်များအတွက်)*